# နိုင်ငံအသီးသီးမှနိုင်ငံရေးပါတီများ ကံကြမ္မာတေးသံစဉ်ကို အတူတေးဆိုရန်ဆော်သြ

နိုဝင်ဘာလ(၃၀)ရက်နေ့မှ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ပေကျင်းတရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီထိပ်သီးများ အပြန်အလှန်စကားပြောပွဲကို ကျင်းပခဲ့ရာ နိုင်ငံတကာအသိုင်းအဝိုင်းမှ မြင့်မားစွာ ဂရုပြုခဲ့ကြရှိသည်။ ယခုအကြိမ်အပြန်အလှန်စကားပြောပွဲတွင် တရုတ်ကွန်မြူနစ်ပါတီက ကမ္ဘာ့နိုင်ငံရေးပါတီအသီးသီးနှင့် ထိပ်သီးအပြန်အလှန်စကားပြောပွဲကို ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီ သမိုင်းကြောင်းပေါ်တွင် အထူးအဓိပ္ပာယ်ရှိသော၊ ကမ္ဘာ့နိုင်ငံရေးပါတီ သမိုင်းကြောင်းပေါ်တွင် ထိုးဖောက်မှုအဓိပ္ပာယ်ရှိသောပွဲကြီးဖြစ်ပါသည်။

ယခုအကြိမ် "လူသားကံကြမ္မာတစ်ကိုယ်တည်းထုကို တည်ဆောက်ခြင်းဖြင့် ကောင်းမွန်သာယာသောကမ္ဘာကို အတူတည်ဆောက်ခြင်း၊ နိုင်ငံရေးပါတီ၏တာဝန်"ဖြင့်ခေါင်းစဉ်ပြုသော ထိပ်သီးအပြန်အလှန်စကားပြောဆိုပွဲသည် နိုင်ငံပေါင်း(၁၂၀)ကျော်မှ နိုင်ငံရေးပါတီ(၂၀၀)ကျော်၏ နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်များအား ပါဝင်တက်ရောက်ရန် ဆွဲဆောင်နိုင်ခဲ့သည်။ ထိပ်သီးအပြန်အလှန်စကားပြောပွဲသည် လူသားကံကြမ္မာတစ်ကိုယ်တည်းထုကို တည်ဆောက်ခြင်းဖြင့် ကောင်းမွန်သာယာသော ကမ္ဘာကိုအတူတည်ဆောက်ရေးအတွက် ပိုမိုများပြားသော သဘောတူညီမှုများရရှိနိုင်ရန် လူအားလုံးက မျှော်လင့်တောင့်တနေကြပါသည်။

လူသားကံကြမ္မာ တစ်ကိုယ်တည်းထုကို တည်ဆောက်ခြင်းဖြင့် ကောင်းမွန်သာယာသော ကမ္ဘာကို အတူတည်ဆောက်ခြင်း သည် တရုတ်ကွန်မြူနစ်ပါတီ၏တာဝန်ခံယူမှုကိုဖော်ပြကာ တရုတ်နိုင်ငံထူးခြားမှုပြည့်ဝစွာရှိသည်။ ကမ္ဘာ၏ဂရုပြုချက်များကိုပြန်လည်တုံ့ပြန်ပြီး လူသားများအားလုံးရင်တွင်းမှ ရှုပ်ထွေးမှုများကို ဖြေရှင်းပေးကာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသား၏အနာဂတ်အတွက် လမ်းကြောင်းညွှန်ပေးခဲ့သည်။

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ဆောက်လုပ်ရေးသည် တရုတ်အိပ်မက်ကိုသယ်ဆောင်ထားပြီး ကမ္ဘာနှင့် တရုတ်နိုင်ငံကို အချင်းချင်းချိတ်ဆက်၊ အတူဖွံ့ဖြိုးတိုးတက်စေသည်။ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ခိုင်မြဲစွာလျှောက်လှမ်းပြီး ပုံစံသစ်နိုင်ငံတကာ ဆက်ဆံရေးကို တွန်းတင်ဆောက်လုပ်ကာ ကမ္ဘာနှင့်တရုတ်နိုင်ငံအတူလက်တွဲပြီး ရှေ့ဆက်လျှောက်လှမ်းစေပါသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီဥက္ကဋ္ဌ၊ အစိုးရဝန်ကြီးချုပ်ဟွန်စိန်း ပြောကြားသည့်အတိုင်း တရုတ်ကွန်မြူနစ်ပါတီမှ ကျင်းပသော ဤကမ္ဘာ့နိုင်ငံရေးပါတီပွဲတော်ကြီးသည် သမိုင်းကြောင်းအနက်အဓိပ္ပာယ်ရှိပါသည်။

လူသားကံကြမ္မာ တစ်ကိုယ်တည်းထုကို တည်ဆောက်ခြင်းဖြင့် ကောင်းမွန်သာယာသော ကမ္ဘာကိုအတူတည်ဆောက်ခြင်းသည် တရုတ်ကွန်မြူနစ်ပါတီမှ ခေတ်နှင့်တစ်ပြေးညီ တိုးတက်သည့်အတွေးအခေါ်ကို ထင်ရှားစွာဖော်ပြသည်။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး၏ အလေးပါဗွိုင့်ကိုသေချာစွာရှာဖွေနိုင်ပြီး လူသားလူမှုရေးဖွံ့ဖြိုးတိုးတက်မှုလိုလားချက်နှင့် ကိုက်ညီနေပါသည်။

လူသားအားလုံးသည် ကမ္ဘာကြီးတစ်ခုတည်းတွင် အတူနေထိုင်သည်။ နိုင်ငံအသီးသီးကလည်း အချင်းချင်းမှီခိုပြီး ကံကြမ္မာတူကြသည်။ မည်သည့်နိုင်ငံမျှ မိမိကိုယ်ကို သီးသန့်ရှင်သန်နေမည်မဟုတ်ပေ။ မည်သည့်နိုင်ငံမျှ မိမိကိုယ်ကို အထီးကျန်ကျွန်းတစ်ခုပေါ်တွင် နေထိုင်၍မရနိုင်ပေ။

ယခုအကြိမ်အပြန်အလှန်စကားပြောဆိုခြင်းဖြင့် ကမ္ဘာ့နိုင်ငံရေးပါတီအသီးသီးသည် အတူညှိနှိုင်းဆွေးနွေးပြီး တန်းတူစွာဖလှယ်ကာ လူသားလူမှုရေးမှကြုံတွေ့ရသော ဖွံ့ဖြိုးတိုးတက်ရေးအခက်အခဲနှင့် စိန်ခေါ်မှုကို အတူရင်ဆိုင်မည့်စည်းလုံးညီညွတ်မှုစိတ်ဓာတ်အပေါ် အထောက်အကူရှိနေပါသည်။ အချင်းချင်းဆက်ဆံပြီး ဖလှယ်ကာ နိုင်ငံအသီးသီးမှ လူသားကံကြမ္မာရှေ့ရေးနှင့်သက်ဆိုင်သည့်အလေးပါ မဟာဗျူဟာမေးခွန်းများအပေါ်တွင် သဘောတူညီချက်များရရှိနိုင်ရန်အတွက် အကျိုးပြုပါသည်။

ခေတ်သစ်နှင့်တစ်ပြေးညီ တရုတ်နိုင်ငံ၏ခရီးစဉ်အသစ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းသည် တရုတ်နိုင်ငံသန်းပေါင်း(၁၃၀၀)က ပိုင်ဆိုင်သည်သာမက တစ်ကမ္ဘာလုံးနှင့်လည်း သက်ဆိုင်ပါသည်။ လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုတည်ဆောက်ခြင်း၊ သာယာကောင်းမွန်သောကမ္ဘာကို အတူဆောက်လုပ်ခြင်းသည်တရုတ်ကွန်မြူနစ်ပါတီစိတ်ရောကိုယ်ပါလုပ်ဆောင်၊ ခေါင်းဆောင်စံနမူနာအဖြစ် လုပ်ဆောင်သည်ကို လိုအပ်သကဲ့သို့ မတူသောနိုင်ငံ၊ ယဉ်ကျေးမှုနောက်ခံနှင့် အတွေးအခေါ်များရှိသော နိုင်ငံရေးပါတီအသီးသီး အတူတာဝန်ထမ်းဆောင်ရန် လိုအပ်ပါကြောင်း ဆော်သြပါသည်။

(ဆင်ဟွာသတင်းဌာန ဤနေရာတွင်ဖြတ်နုတ်ထားခြင်းရှိသည်။)
ရန်လန့်

# 《သံလမ်း"(၁၃)ကြိမ်မြောက်(၅)နှစ်စီမံကိန်း"ဖွံ့ဖြိုးတိုးတက်မှုစီမံချက်》 ထုတ်ပြန်
# ယူနန်နှင့်ဘေးပတ်ဝန်းကျင်နိုင်ငံများအချင်းချင်းချိတ်ဆက်ရေးအားသာချက်သိသာထင်ရှား

ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်ရထားသံလမ်းညွှန်ကြားမှုဦးစီးဌာန၊ တရုတ်သံလမ်းကုမ္ပဏီရုံးချုပ်မှ 《သံလမ်း "(၁၃)ကြိမ်မြောက်(၅)နှစ်စီမံကိန်း" ဖွံ့ဖြိုးတိုးတက်မှုစီမံချက်》ကို ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကို အလေးထားသည့် ဘက်စုံဖွင့်လှစ်သည့်ဖွဲ့စည်းပုံအသစ်ကို တည်ဆောက်နေကြောင်း၊ သံလမ်းသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတွင် အလေးပါသည့်နယ်ပယ်နှင့် ဦးစားပေးလမ်းကြောင်းအဖြစ် အလယ်အနောက်ပိုင်းဒေသကို အလေးထားသည့် ရထားသံလမ်းဆောက်လုပ်ရေးကို ဆက်လက်တွန်းတင်နေကြောင်း၊ တိုင်းရင်းသားဒေသ၊ နယ်စပ်ဒေသ၊ ဆင်းရဲနွမ်းပါးသောဒေသ ရထားသံလမ်းများပြင်ပသို့ သယ်ပို့လမ်းကြောင်းဆောက်လုပ်ရေးကို ခိုင်မာအောင် လုပ်ဆောင်နေကြောင်း စသည်ဖြင့် တင်ပြထားသည်။

《စီမံချက်》အတွင်းတွင် ဘေးပတ်ဝန်းကျင်ဒေသများနှင့် အချင်းချင်းချိတ်ဆက်သည့်လုပ်ငန်းကို အကောင်အထည်ဖော်လုပ်ဆောင်ရန် တင်ပြထားသည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးစီမံချက်နှင့် ဘေးပတ်ဝန်းကျင် အခြေခံအဆောက်အအုံအချင်းချင်းချိတ်ဆက်မှု၏ အထွေထွေစီမံချက်များကို ပြည့်ဝစွာအကောင်အထည်ဖော်လုပ်ဆောင်ကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာအောင်လုပ်ဆောင်ပြီး ပြင်ပသို့အဓိကဆက်သွယ်သွားလာသည့် ရထားသံလမ်းဆောက်လုပ်ရေးကို အတူပူးတွဲတွန်းတင်ခြင်း၊ ဆောက်လုပ်ခြင်းတို့ကြောင့် နယ်စပ်ဘက်စုံသတ္တုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်း၊ ကုန်သန်းရောင်းဝယ်ရေးဖလှယ်မှုတွန်းဆော်ခြင်း စသည့်နယ်စပ်ဂိတ်သံလမ်းနှင့် အဆက်တွဲအဆောက်အအုံများကို အရှိန်အဟုန်မြင့် ဆောက်လုပ်မည်ဖြစ်သည်။ ပြည်ပကုန်းတွင်းလမ်းကြောင်း၏ အချက်အချာနေရာများတွင် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာအောင်လုပ်ဆောင်ပြီး ပြည်တွင်းပြည်ပကို ချိတ်ဆက်သော၊ လုံခြုံဖြောင့်ဖြူးသော အထွေထွေလမ်းပန်းဆက်သွယ်ရေးကွန်ယက်ကို ခိုင်မာအောင်ဆောက်လုပ်မည်ဖြစ်သည်။ စီမံကိန်းတွင် အချင်းချင်းချိတ်ဆက်သည့်ရထားသံလမ်းနှင့် ဂိတ်သံလမ်းအလေးပါစီမံကိန်းများကို ဖော်ပြခဲ့သည်။ တာ့လီမှရွှေလီအထိ၊ ယူရှီးမှမော်ဟန်အထိ၊ ဖောင်ချိန်ဆိပ်ကမ်းမှတုံးရှင်းအထိ သံလမ်းများအပါအဝင် ရွှေလီ၊ မော်ဟန်၊ တုံးရှင်းစသည့်သံလမ်းဂိတ်များကို ဆောက်လုပ်ရန်စီမံထားသည်။ ယူနန်မှ "(တရုတ်စာလုံး)လူပုံသဏ္ဌာန်" တရုတ်မြန်မာစီးပွားရေးစင်္ကြံနှင့် တရုတ်လာအိုစီးပွားရေးစင်္ကြံဆောက်လုပ်ရေးအတွင်း၏ အထူးအရေးပါသည့် အကျိုးသက်ရောက်မှုကို ထပ်မံဖော်ပြနေပါသည်။



အပိုဖတ်ရှုရန်--

တာ့ရွှေသံလမ်း(တာ့လီ-ရွှေလီ)။ ။ အာရှတခွင် သံလမ်းအနောက်ဖက်လိုင်းတရုတ်မြန်မာ နိုင်ငံတကာသံလမ်းလမ်းကြောင်း၏ အရေးပါသည့်ဖွဲ့စည်းအပိုင်းဖြစ်သည်။ အရှေ့ဖက်တွင်ယူနန်တာ့လီမြို့မှစပြီး တရုတ်မြန်မာနယ်စပ်ရှိရွှေလီဂိတ်တွင်ဆုံးသည်။ စုစုပေါင်း(၃၃၀)ကီလိုမီတာ ရှည်လျားသည်။ ၂၀၂၀ပြည့်နှစ်တွင်ဆောက်လုပ်ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားသည်။ ထိုအချိန်တွင် တာ့လီမှရွှေလီအထိ အချိန်(၃)နာရီခန့်သာကြာမည်ဖြစ်သည်။

ယူမော်သံလမ်း(ယူရှီး-မော်ဟန်)။ ။ အာရှတခွင်သံလမ်းအလယ်လိုင်းတရုတ်နိုင်ငံပြည်တွင်းအပိုင်းဖြစ်သည်။ ယူနန်ပြည်နယ်ယူရှီးမှစပြီး တရုတ်လာအိုနယ်စပ်ဂိတ်ရှိမော်ဟန်တွင် ဆုံးသည်။ စုစုပေါင်း(၅၀၇)ကီလိုမီတာ ရှည်လျားသည်။ ၂၀၁၆ခုနှစ်ဧပြီလတွင် တစ်လိုင်းလုံးလုပ်ငန်းစတင်ဆောက်လုပ်ခဲ့သည်။ စီမံကိန်းဆောက်လုပ်ပြီးပါက ကူမင်းမှစစ်ဆောင်ပန်းနားသို့ အချိန်(၃. ၇)နာရီခန့်သာကြာမည်ဖြစ်သည်။